၂၀၂၃ ခုနှစ်၊ ဧပြီလ(၁၀) ရက်နေ့တွင်ကျရောက်သော (၂၃) ကြိမ်မြောက် ကယန်းအမျိုးသားနေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယပြည်ထောင်စုဝန်ကြီး ခွန်းဗဟန်းထန် ပြောကြားသည့် မိန့်ခွန်း

ယနေ့ကျရောက်သည့် (၂၃) ကြိမ်မြောက် ကယန်းအမျိုးသားနေ့အချိန်အခါသမယတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၌ရောက်ရှိနေထိုင်နေကြသော ကယန်းအမျိုးသား ပြည်သူများအားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာလုံခြုံ၍ ဘေးရန်အပေါင်းမှ ကင်းကွာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကယန်းအမျိုးသားနေ့ကို လှိုက်လှဲစွာကြိုဆိုပါကြောင်း ဦးစွာ ပထမ ပြောကြားလိုပါသည်။

ကယန်းအမျိုးသားတို့သည် ကမ္ဘာ့သမိုင်းအထောက်အထားများအရ (ပျူ၊ သက်၊ ကမ်းယံ) မျိုးနွယ်စုကြီး (၃) ခုအနက် ကမ်းယံမျိုးနွယ်စုမှ ဆင်းသက်လာခဲ့ပြီး ကမ္ဘာ့သမိုင်းမှာ ဗမာနိုင်ငံဟု မပေါ်ပေါက်ခင်ကတည်းကပင် (ယခုမြန်မာနိုင်ငံဟုခေါ်တွင်သော) ဤအရပ်သို့ဦးစွာ ရောက်ရှိခဲ့သော လူမျိုးစုထဲမှတစ်စုဖြစ်ပါသည်။ တစ်ဖန်သမိုင်းအထောက်အထားများအရ ကယန်း လူမျိုးသည် လွတ်လပ်ရေး မရခင် သီးခြားလွတ်လပ်သောကရင်နီပြည်တွေ ကရင်နီအမျိုးသားအုပ်စု တစ်ခု အဖြစ်ပါဝင်သည့် လူမျိုး တစ်မျိုးဖြစ်သည်။ ကယန်းလူမျိုးသည် ကရင်နီအမျိုးသားအုပ်စု၊ ကရင် အမျိုးသားအုပ်စု၊ ပအိုဝ်းအမျိုးသား အုပ်စုတို့နှင့်အတူ လူမျိုးတူအမျိုးသားအုပ်စုတစ်စုဖြစ်ပြီး ဘာသာစကားအရ (၇၅) ရာခိုင်နှုန်းကျော် တူညီကြောင်းတွေ့ရှိရသည်။ ထို့အတူ ကယန်း လူမျိုးများအနေဖြင့် ၁၈၇၅ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ဗြိတိသျှအစိုးရနှင့် မင်းတုန်းမင်းတို့က ကရင်နီပြည်ကို သီးခြားလွတ်လပ်သော ပြည်အဖြစ် အသိအမှတ် ပြုလာခဲ့ပြီးနောက်တွင်လည်း အခြားသောကရင်နီအမျိုးသားအုပ်စုဝင်လူမျိုးများဖြစ်သော (ကယား၊ ကယော၊ မနုမနော၊ ယင်းတလဲ၊ ပကူး၊ ဂေဘား) တို့နှင့်အတူတကွ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသည်။

လူမျိုးတစ်မျိုး၏ အသက်သည် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု တည်တံ့ခိုင်မြဲမှုရှိရန် လိုအပ်သကဲ့သို့ တိုးတက်မြှင့်တင်ပေးရန်လည်း အင်မတန်မှ အရေးကြီးလှပါသည်။ သမိုင်း အထောက်အထားအရ ကယန်းလူမျိုးသည် ကနဦးတွင် ရှေးဟောင်းစာပေဖြစ်သော ကြက်ယက် စာပေကို အသုံးပြုခဲ့သော်လည်း တတ်ကျွမ်းသူအလွန်နည်းပါးသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀) ကျော်လောက်က လက်တင်အက္ခရာဖြင့် အသုံးပြုလာခဲ့သော စာပေသည်လည်း ထပ်ဆင့်မွမ်းမံရန် လိုအပ်ပေသည်။

ထို့ကြောင့် နယ်မြေ (၄) ခုတွင်နေထိုင်ကြသည့် ကယန်းအမျိုးသားခေါင်းဆောင်များ ဖြစ်ကြသော ရှမ်းပြည်နယ်ရှိခေါင်းဆောင်များ၊ ကရင်နီ (ကယား)ပြည်နယ်ရှိ ခေါင်းဆောင်များ၊ ကရင်ပြည်နယ်ရှိခေါင်းဆောင်များ၊ မန္တလေးတိုင်း၊ နေပြည်တော်ကောင်စီရှိခေါင်းဆောင်များ၊

တစ်ဖန် ကယန်းလူမျိုးနွယ်စု (၄)စုဖြစ်သော ကယန်းကငန်၊ ကယန်းကဲဒေါ်၊ ကယန်းလထာ၊ ကယန်းကခေါင်း မှခေါင်းဆောင်များ၊ ထို့အပြင် ကယန်းလူမျိုးဘာသာရေး ခေါင်းဆောင်များ ဖြစ်ကြသော ဗုဒ္ဓဘာသာ ဆရာတော်ကြီးများ၊ ကက်သလစ် အသင်းတော်ဆရာတော်ကြီးများ၊ နှစ်ခြင်းဆရာတော်ကြီးများ၊ တံခွန်တိုင်ခေါင်းဆောင်ကြီးများ၊ ဖြဟ္မစိုရ်ခေါင်းဆောင်ကြီးများ ပါဝင်ကြသလို လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ဖြစ်ကြသည့် ကယန်းပြည်သစ်ပါတီ၊ ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)၊ KNG၊ MTAရွှေပြည်အေးအဖွဲ့ ခေါင်းဆောင်များ တို့သည် ညီလာခံကြီးတစ်ရပ်ကို ကရင်နီ (ကယား) ပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ ကြာလာကျေးရွာ၌ သက္ကရာဇ် ၂၀၀၀ ခုနှစ်၊ ဧပြီလ (၈/ ၉/ ၁၀) ရက်နေ့တွင် အမျှော်အမြင်ကြီးမား စွာဖြင့် တိုင်ပင်ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်(၃) ရပ်ကို အတည်ပြုချမှတ်နိုင်ခဲ့သည်။

(၁)လက်တင်အက္ခရာဖြင့် အသုံးပြုလာသောစာကိုမွမ်းမံပြင်ဆင်ဖြည့်စွက်၍ ကယန်းအမျိုးသားစာပေ အဖြစ် အတည်ပြုခဲ့သည်။

(၂)ကယန်းလူမျိုးတွင် မျိုးနွယ်စု ၄ စုဖြစ်သော ကယန်းကငန်၊ ကယန်းလထာ၊ ကယန်းကဲဒေါ်၊ ကယန်းကခေါင်း၊ မျိုးနွယ်စု (၄) စုသည် တစ်ညီတစ်ညွတ်တည်း ကယန်းအမျိုးသား တစ်ခုတည်း အဖြစ် ခံယူပြီး အတည်ပြုခဲ့ကြသည်။

(၃)ကယန်းတစ်မျိုးသားလုံး၏ အမျိုးသားအလံတော်ကိုလည်း အတည်ပြုနိုင်ခဲ့ကြသည်။

ထို့ကြောင့်ကယန်းအမျိုးသားကြန်အင်လက္ခဏာအဖြစ်စာပေယဉ်ကျေးမှုအရလည်းကောင်း နိုင်ငံရေးအရလည်းကောင်းပထမအကြိမ်ကယန်းအမျိုးသားညီလာခံမှ ကယန်းအမျိုးသားအားလုံးစုစည်း ပါဝင်အကောင်အထည်ဖော်ဆောင်နိုင်မှုတို့ကြောင့် ၂၀၀၀ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ကို ကယန်းအမျိုးသားနေ့ အဖြစ် တစ်ညီတညွတ်တည်း အသိအမှတ်ပြုခဲ့ကြပါသည်။

ကယန်းအမျိုးသားနေ့အဖြစ် သဘောတူဆုံးဖြတ်ခဲ့သည့်နေ့မှစ၍ ယနေ့ချိန်အထိ ရှင်သန်ကျင်းပ ပြုလုပ်ခဲ့သော ကယန်းအမျိုးသားနေ့သည် တန်ဖိုးဖြတ်၍မရနိုင်သော ကယန်းအမျိုးသားထုတရပ်လုံး၏ တစည်းတလုံးတည်း တည်ရှိနေသည့် တိုက်ပွဲဝင် အောင်ပွဲရလဒ်ကြီး တခု ဖြစ်ကြောင်းကို ကမ္ဘာတည်သရွေ့ ကယန်းအမျိုးသားတိုင်းက အမျိုးသားတာဝန်တစ်ရပ်အဖြစ် သိရှိနားလည်ပြီး ဆက်ခံထိန်းသိမ်းသွားကြဖို့ တိုက်တွန်းလိုပါသည်။

လက်ရှိတွင် ကယန်းလူမျိုးတို့သည် ပထဝီနယ်နိမိတ်အရ ပြည်နယ် (၄) ခုတွင် တစ်စပ်တည်း နေထိုင်ကြပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်နီ (ကယား)ပြည်နယ်အနောက်ပိုင်း၊ ကရင်ပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်းနေပြည်တော်ကောင်စီတို့တွင် နေထိုင်ကြပါသည်။ ၂၀၂၀ ခုနှစ်နောက်ပိုင်း စစ်တမ်းများအရ ကယန်းလူမျိုးတို့သည် လူဦးရေအားဖြင့် ခန့်မှန်းခြေ (၂ သိန်းခွဲမှ ၃ သိန်း) ကြား ရှိသည်ဟု ခန့်မှန်းသိရှိရပါသည်။

ကယန်းလူမျိုးတို့သည် မိမိတို့၏အမျိုးသားဝိသေသလက္ခဏာများကို အစဉ်တစိုက် ထိန်းသိမ်း မြင့်တင်လာခြင်းနှင့်အတူ ယခုအခါတွင်လည်း မိမိတို့၏ ကိုယ်ပိုင်စာပေ၊ ဓလေ့ထုံးတမ်း ယဉ်ကျေးမှု၊ ဘာသာစကားတို့ဖြင့် ကမ္ဘာ့အလယ်တွင်ထည်ဝါဝင့်ကြွားစွာဖြင့် ရှင်သန်ရပ်တည် လာခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ထိုသို့ရပ်တည်နိုင်ခြင်းသည် ကယန်းအမျိုးသား အားလုံး၏ စုစည်းနိုင်မှုနှင့် စည်းလုံးညီညွတ်မှုကြောင့် ဖြစ်သည်ဟု မှတ်ချက်ပြု ပြောကြားလို ပါသည်။ စာပေတိုးတက်မှုအနေဖြင့် လက်ရှိကယန်းစာပေကိုလည်း ယခင်ပြည်ထောင်စု အရပ်သား အစိုးရက အတည်ပြုထားပြီး လက်ရှိတွင် လည်းကယန်းဒေသရှိကိုယ်ပိုင်ကျောင်းများနှင့် ကယန်း လူမျိုးများရှိသောအချို့သောအစိုးရ စာသင်ကျောင်း များတွင် သင်ကြားလျက်ရှိသည်။

ယခုလိုဖြစ်လာဖို့အတွက် ကဏ္ဍပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံမှ ခေါင်းဆောင်များ၊ ရှေ့မီ နောက်မီပုဂ္ဂိုလ်များ ကြိုးစားဆောင်ရွက်ခဲ့သည့်အရာများ အချည်းနှီးမဖြစ်ရန် ကျွန်တော်တို့ မျိုးဆက် သစ်များမှ ဆက်လက် ထိန်းသိမ်းလုပ်ဆောင်ရန်လိုအပ်ပါသည်။ ယခင်ခေါင်းဆောင်များမှ ကျွန်တော်တို့အတွက် အုတ်မြစ်ကောင်းများ ချမှတ်ခဲ့ပြီဖြစ်သည့်အတွက် ထိုအုတ်မြစ်ကို အခြေပြုပြီး ကျနော်တို့အနေဖြင့် ဆက်လက်ပြီး အမိုးအကာများ၊ အသီးအပွင့်များ ထွက်ပေါ် လာသည်အထိ ဆက်လက်တိုးတက်မှုရှိအောင် လုပ်ဆောင်ဖို့အတွက်တာဝန်ရှိကြပါသည်။ ကျွန်တော်တို့ ကယန်း အမျိုးသားအရေးကို ခေါင်းဆောင်တွေကသာ သို့မဟုတ် တာဝန်ရှိသူတွေ ကသာ လုပ်ရတာမျိုး မဟုတ်ဘဲ ပြည်တွင်းပြည်ပတွင်ရှိသော ကယန်းလူမျိုးတစ်ရပ်လုံးက မိမိတတ်နိုင်သလောက် တတ်အားရှိသမျှ ကဏ္ဍအသီးသီး၊ နေရာအသီးသီးကနေ တာဝန်တသိ လုပ်ဆောင်သွားကြရမှာ ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ရင်ဆိုင်တွေ့ကြုံနေရသော မတည်ငြိမ်မှုများကြောင့် မိမိတို့၏ စုစည်းမှုနှင့် စည်းလုံးညီညွတ်မှုကို အထိခိုက်မခံကြရန် အထူးသတိပြုရန်လိုအပ်ကြောင်းကိုလည်း သတိပေးပြောကြားလိုပါသည်။တစ်ဖက်တွင်လည်း မိမိတို့ကယန်းလူမျိုးများအနေဖြင့် နိုင်ငံရေးအရ သော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း ပြည့်ဝသော နိုင်ငံရေးအခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများ ရရှိနိုင်ရေးအတွက် စုစည်းညီညာစွာဖြင့် ဆက်လက်ချီတက်သွားရန် လိုအပ်သည့်အပြင် နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ထားသော၊ လူ့အခွင့်အရေးချိုးဖောက်မှု များစွာကို နေ့စဉ်ရက် ဆက်ကျူးလွန်နေသော စစ်အာဏာရှင်လူတစ်စုကိုလည်း အခြားသော ညီနောင်တိုင်းရင်းသားများနှင့်အတူ စုစည်းမှုအား ကောင်းစွာဖြင့်ဆက်လက်တိုက်ပွဲ ဝင်သွားကြရန် အရေးကြီးကြောင်းကိုလည်း ထပ်မံတိုက်တွန်းပြောကြား လိုပါသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပေါ်ပေါက်လာသော လက်ရှိတော်လှန်ရေးကို ဆင်နွှဲ နေသည့် အင်အားစုအသီးသီးတွေ ကယန်းလူမျိုးများသည်လည်း အင်တိုက်အားတိုက် အသက်၊ သွေး ၊ ချွေး၊ ဘဝတို့ဖြင့်ပေးဆပ်ပြီး အခြားသောညီနောင် တိုင်းရင်းသားများနှင့်အတူ ဆက်လက် ပါဝင် တိုက်ပွဲဝင်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ အစဉ်အလာအရ ကယန်းအမျိုးသား

များသည် အမျိုးသားရေးအသိဖြင့် အခြားသောညီနောင်တိုင်းရင်းသားများနှင့်အတူ ကယန်းအမျိုးသားများ အစဉ်အဆက်တိုက်ပွဲဝင်ခဲ့ကြသည်။ ကယန်းလူမျိုးတို့၏အန္တိမရည်မှန်းချက်မှာ **စစ်အာဏာရှင် စနစ်အပါအဝင် အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့်ရရှိရေး၊ ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် မမှိတ်မသုန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း** တင်ပြရင်း (၂၃) ကြိမ်မြောက်တွင် ကျရောက် သော ကယန်းအမျိုးသားနေ့ကို လေးစားစွာဖြင့် ဂုဏ်ပြုအပ်ပါသည်။

ခွန်းဗဟန်းထန်
အမျိုးသားညီညွတ်ရေးအစိုးရ
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး